*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# အောင်သင်း၏ရသစာတမ်းများလာ သွင်ပြင်လက္ခဏာများလေ့လာချက်*

အိဖြိုးဖြိုးနိုင်[၁]

**စာတမ်းအကျဉ်း**

ဤစာတမ်းသည် အောင်သင်း၏ရသစာတမ်းများလာ သွင်ပြင်လက္ခဏာများကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ရသစာတမ်း၏ သဘောသဘာဝတို့ဖြင့် သွင်ပြင်လက္ခဏာများ မည်သို့ရှိပုံကို ချဉ်းကပ်လေ့လာပါသည်။ ရည်ရွယ်ချက်မှာ အောင်သင်း၏ရသစာတမ်းများမှ တစ်ဆင့် လေ့လာတွေ့ရှိရသော ရသစာတမ်းတို့၏ သွင်ပြင် လက္ခဏာများမည်သို့ရှိပုံကို စာပေရှုထောင့်မှ ဖော်ထုတ်လိုခြင်းဖြစ်သည်။ မြန်မာရသစာပေ အလားအလာတွင် တဖြည်းဖြည်းနယ်ပယ်ချဲ့ထွင်လာသော ရသစာတမ်းများ နည်းမှန် လမ်းမှန် ဖွံ့ဖြိုးရေးဟူသောလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ယုံကြည်မျှော်လင့်မိပါသည်။

**သော့ချက်ဝေါဟာရများ-** မြန်မာရသစာပေ၊ ရသစာတမ်း၊ သွင်ပြင်လက္ခဏာ၊ စာပေရှုထောင့်၊ ရသစာပေ သဘောသဘာဝ။

## နိဒါန်း

ဤစာတမ်းတွင် အောင်သင်း၏ပုံနှိပ်ထုတ်ဝေပြီးသော ရသစာတမ်းများမှ လေ့လာတွေ့ရှိရသော ရသစာတမ်း၏ သွင်ပြင်လက္ခဏာများကို စာပေရှုထောင့်ဖြင့် တင်ပြပြုစုထားပါသည်။ သုတေသန ရည်ရွယ်ချက်၊ သုတေသနမေးခွန်း၊ သုတေသနအဆိုကြမ်း၊ သုတေသန နယ်ပယ်တို့ကို ဖော်ပြထား ပါသည်။

## သုတေသန ရည်ရွယ်ချက်

မြန်မာရသစာပေလောကတွင် တစ်ဟုန်ထိုး တိုးတက်ဖွံ့ဖြိုးလာသော ရသစာတမ်း ဖန်တီးမှုတွင် ရသစာတမ်းများ၏သွင်ပြင်လက္ခဏာသည် အရေးပါအရာရောက်ကြောင်း ဖော်ထုတ် တင်ပြလိုခြင်းဖြစ်ပါ သည်။

## သုတေသန မေးခွန်း

ဤစာတမ်းကိုပြုစုရာတွင် သုတေသနမေးခွန်းအဖြစ်-

(၁) ရသစာတမ်း၏ သွင်ပြင်လက္ခဏာများ မည်သို့ရှိသနည်း။

(၂) ရသစာတမ်း၏ သွင်ပြင်လက္ခဏာများသည် ရသစာတမ်းဖန်တီးရေးဖွဲ့ရာတွင် အထောက် အကူပြုနိုင်မှု ရှိမရှိ။

(၃) မြန်မာရသစာပေလောကတွင် ရသစာတမ်းများ၏ သွင်ပြင်လက္ခဏာကို ဖော်ထုတ်ရာတွင် အောင်သင်း၏ရသစာတမ်းများသည် မည်မျှအကျိုးပြုနိုင်သနည်း။

---

* Third Prize (2024)

[၁] မြန်မာစာဌာန၊ Naypyitaw State Academy

ဟူသော သုတေသနမေးခွန်းများကို တွေ့ရှိရပါသည်။ ယင်းတို့ကို ဖော်ထုတ်ဖြေရှင်းနိုင်ရန် ရသစာပေဆိုင်ရာ ရသစာတမ်းပြုစုပုံပြုစုနည်းတို့နှင့်ပတ်သက်၍ ရသစာပေသဘောတရားတို့ကို သိကျွမ်းနားလည်သော ပညာရှင်များ၏ အဆိုအမိန့်များ လမ်းညွှန်မှုများကို ခံယူလျက် ပြုစုပါသည်။

## သုတေသနအဆိုကြမ်း

အောင်သင်း၏ ရသစာတမ်းများကို လေ့လာခြင်းဖြင့် ရသစာတမ်းများ၏ နောက်ကွယ်၌ စာရေးသူ၏ ဘဝအတွေ့အကြုံ၊ စာပေလေ့လာဖတ်ရှုခဲ့မှု၊ အနုပညာဝါသနာပါ မှု၊ တွေးခေါ်မြော်မြင်တတ်မှုတို့ကို မြင်တွေ့ရပါသည်။ အောင်သင်း၏ ရသစာတမ်းများတွင် သူ၏ကိုယ်ကျင့်တရား ဆိုင်ရာခံယူချက်၊ စာပေအနုပညာ ဆိုင်ရာခံယူချက်၊ ကိုယ်ပိုင်ခံယူချက် အတွေးအမြင်တို့ ထင်ဟပ်နေသည်ကိုလည်း တွေ့မြင်ရပေသည်။ ရသစာတမ်းသည် ရသစာပေဖွံ့ဖြိုးမှုအတွက် အထောက်အပံ့ ပေးနိုင်ပါသည်။ ရသစာတမ်းများသည် စိတ်ဝင်တစား ဂရုပြုလေ့လာသင့်သည့် နယ်ပယ်တစ်ရပ် ဖြစ်ပါသည်။

## သုတေသန နယ်ပယ်

ဤစာတမ်းသည် အောင်သင်း၏ပုံနှိပ်ထုတ်ဝေပြီးသော ရသစာတမ်းများကို စာတွေ့ သုတေသနနယ်ပယ်အဖြစ် သတ်မှတ်ပြုစုပါသည်။ ထိုရသစာတမ်းများမှတစ်ဆင့် လေ့လာတွေ့ရှိရသော ရသစာတမ်း၏သွင်ပြင်လက္ခဏာများ မည်သို့ရှိပုံကို သာဓကများဖြင့် ရှင်းလင်းဖော်ထုတ် ထားပါသည်။

## စာပေလေ့လာဆန်းစစ်ချက်

ပြည်ပပညာရှင် (နိုင်ငံခြားပညာရှင်) တို့၏အက်ဆေး (essay) ခေါ် ရသစာတမ်း သဘောသဘာဝနှင့်ပတ်သက်၍ အင်တာနက်အကိုးအကားတို့တွင် ဖွင့်ဆိုထားသောအက်ဆေး (essay) အဓိပ္ပာယ်ဖွင့်ဆိုချက်များမှတစ်ဆင့် ဤစာတမ်းအတွက် သီအိုရီပိုင်းဆိုင်ရာ အချက်အလက်များကို သိမြင်ကာ အတွေးအမြင်ပိုင်းကို လေ့လာရာတွင် အထောက်အကူ ဖြစ်စေပါသည်။

"ကံ့ကော်မြိုင်စာတမ်း" စာအုပ်တွင် မြန်မာစာရေးဆရာတို့၏ ရသစာတမ်းကောင်း (၂၆) ပုဒ်ကို စုစည်းတင်ပြထားပါသည်။ ထိုစာအုပ်တွင် ဇော်ဂျီက ရသစာတမ်းတို့၏ သဘောသဘာဝတို့ကို အမှာစာတွင် ရေးသားဖော်ပြထားပါသည်။ ထိုစာအုပ်သည် ရသစာတမ်းဖွံ့ဖြိုးမှုအတွက် များစွာအထောက်အကူပြုသည်ဟုဆိုနိုင်ပါသည်။

ဇော်ဂျီ၏ "ရသစာပေ၏သဘော" စာအုပ်သည်လည်း ရသစာပေသဘောတရား လေ့လာမှုအတွက် အကိုးအထောက်ပြုနိုင်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။ ဤစာတမ်းတွင် အခန်း(၄) တွင်ဖော်ပြထားသော စာပေဖန်တီးသူတို့၏ အသိအမြင်ကို စာပေဖန်တီးရာတွင် ထည့်သွင်းအသုံးပြုမှုကို ကိုးကား၍တင်ပြထားပါသည်။ ထို့ပြင် အခန်း (၁၁)တွင် ဖွင့်ဆိုထားသော စာရေးသူ၏စိတ်ခံစားမှုကို လိုက်၍ ရွယ်ရည်ချက်သို့ရောက်အောင် အဆင့်ဆင့် စည်းရုံးရေးသားနိုင်သည့်သဘောကို ဤစာတမ်းတွင် ချိန်ထိုးလေ့လာပြခဲ့ပါသည်။

တစ်ဖန် "စာတမ်းငယ်စာပေစာတမ်းများ" သည်လည်း ရသစာတမ်းလေ့လာသူတို့ အတွက် အလွန်အရေးပါသော စာအုပ်ပင် ဖြစ်ပါသည်။ မောင်ခင်မင် (ဓနုဖြူ) ၏ "စာတမ်းငယ်ဟူသည်စာတမ်း"

တွင် ရသစာတမ်း၏သွင်ပြင်လက္ခဏာသဘောကို မှီငြမ်း၍ ဤစာတမ်းတွင် လေ့လာတင်ပြခဲ့ပါသည်။ မြဇင်၏ "နိုင်ငံခြားစာတမ်းငယ်စာတမ်း" မှ ရသစာတမ်းတင်ပြရာတွင် အာဘော်သို့ရောက်အောင် အဆင့်ဆင့်တင်ပြခြင်းကိုကိုးကား၍ အောင်သင်း၏ရသစာတမ်းကို ချိန်ထိုးသုံးသပ်ပြထားပါသည်။ ရသ စာတမ်း လေ့လာသူတို့အနေဖြင့် စာတမ်းငယ်စာပေစာတမ်းများစာအုပ်သည် အစဉ်အဆက် အထူး ကိုးကားလေ့လာ သင့်သောစာအုပ်ပင် ဖြစ်ပေသည်။

မောင်မောင်မြင့်သိန်း၏ "ဝေဖန်ရေးအလှရှာပုံတော်"စာအုပ်သည် စာရေးဆရာ (၅) ဦးကို တွေ့ဆုံမေးမြန်းထားသောစာအုပ်ဖြစ်သည်။ မောင်မောင်မြင့်သိန်းက ရသစာတမ်းဆရာ အောင်သင်းကို အက်ဆေးနှင့် ပတ်သက်သောအမြင်ကိုမေးမြန်းရာ အက်ဆေးတွင် "အတွေးပါရမည်၊ အရေးလှရမည်၊ အတွေးသည် ထောင့်ရှားအတွေးဖြစ်ရမည်" ဟု ဖြေခဲ့ပါသည်။ ထိုသို့ စာရေးသူကိုယ်တိုင်ဖွင့်ဆိုခဲ့သော ရသစာတမ်းသဘောတရားကို ဤစာတမ်းတွင် စိစစ်သုံးသပ်ပြခဲ့ပါသည်။

စာရေးသူအောင်သင်းကိုယ်တိုင် ရေးသားခဲ့သော စာပေသဘောတရား စာအုပ်ဖြစ်သည့် "ဝတ္ထု ရေးရာဆောင်းပါး" စာအုပ်တွင် ရသနှစ်သက်မှုကို (၃) မျိုးခွဲခြားတင်ပြခဲ့ပါသည်။ ထိုသဘောကို စာဖတ် သူကို နှစ်သက်မှုပီတိပေးခြင်းဟူသော ရသစာတမ်းသွင်ပြင်လက္ခဏာတွင် ကိုးကားတင်ပြ ထားပါသည်။ ထို့ပြင် "သူအတွေးကိုယ့်အမြင်" ဆောင်းပါးစာအုပ်၏ စကားဦးတွင် စာရေးရာတွင် ကိုယ်ပိုင်အတွေးပါမှ ရေးသားသင့်ကြောင်း မိမိ၏ခံယူချက်ကို ဖွင့်ဆိုထားပါသည်။ ထိုအဆိုများဖြင့် အောင်သင်း၏ ရသ စာတမ်းများကို ချိန်ထိုးသုံးသပ်ပြ ထားပါသည်။

ပြည်တွင်းပြည်ပ ပညာရှင်များပြုစုထားသော အထောက်အထား စာအုပ်စာတမ်းများကို ကိုးကား ၍ စာပေသဘောတရားနည်းနာများဖြင့် ဆန်းစစ်လေ့လာကာ ရသစာပေဆိုင်ရာ ရသစာတမ်း၏ သွင်ပြင် လက္ခဏာများကို ဖော်ထုတ်ပြုစုနိုင်ခဲ့ပါသည်။

မြန်မာစာ ပါရဂူကျမ်းများတွင် မစိုးစိုးစန်း၏ "ရသစာတမ်းများလေ့လာချက်ကျမ်း" (၁၉၂၀-၁၉၉၇) (၂၀၀၇ခုနှစ်၊ ရန်ကုန်တက္ကသိုလ်)၊ မောင်မြင့်အောင်၏ "မြန်မာရသစာတမ်းများ လေ့လာချက်" (၁၉၄၈-၁၉၆၂) (၂၀၀၈ခုနှစ်၊ ရန်ကုန်တက္ကသိုလ်)၊ မသွယ်သွယ်၏ "မြန်မာအက်ဆေး ၁၀၀ စာအုပ်မှ အတွေးနှင့်အရေး" (၂၀၁၂ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်)၊ မသီတာဝင်း၏ "ရသစာတမ်းများ၏ အတွေးနှင့် အရေး" (၂၀၁၂ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်)၊ မနန်းနွယ်အေး၏ "ဇော်ဂျီ၏ရသ စာတမ်းများ လေ့လာချက်" (၂၀၁၃ခုနှစ်၊ မန္တလေး တက္ကသိုလ်)၊ မရီရီလွင်၏ "တိုက်စိုး၏ ရသစာတမ်းများလေ့လာချက်" (၂၀၁၆ ခုနှစ်၊ မန္တလေးတက္ကသိုလ်) စသည်တို့ကိုတွေ့ရပါသည်။ ယခုတင်သွင်းသော ဤစာတမ်းတွင် ဖော်ပြပါ ကျမ်းတို့၌ လေ့လာထားခြင်းမရှိသေးသော ရသစာတမ်းဖန်တီးသူတစ်ဦး၏ ရသစာတမ်းသွင်ပြင် လက္ခဏာသဘောကို အောင်သင်း၏ရသစာတမ်းတို့မှ ဖော်ထုတ်တင်ပြပြုစုထားခြင်းဖြစ်ပါသည်။

## နည်းနာ

ဤစာတမ်းတွင် ရသစာပေသဘောတရားဆိုင်ရာ စာပေနည်းနာများကို အသုံးပြုထားပါသည်။ ဤသို့ အသုံးပြုရာတွင် သရုပ်ဖော်ဆန်းစစ်နည်း (descriptive survey method)နှင့် ခွဲခြမ်းစိတ်ဖြာ

ဆန်းစစ်နည်း (analytical survey method)တို့ဖြင့်ပြုစုပါသည်။ ထို့ပြင်ရရှိထားသော အချက်အလက်များပေါ်မူတည်၍ ထိုအချက်များအပေါ်အခြေပြု လေ့လာခြင်း (use of available data) တို့ဖြင့်လည်း အောင်သင်း၏ရသစာတမ်း သွင်ပြင် လက္ခဏာတို့ကို ဖော်ထုတ်ပြုစုပါသည်။

## စိစစ်လေ့လာချက်

အောင်သင်း၏ ရသစာတမ်းများကို သရုပ်ခွဲကြည့်သောအခါ စာသိသုတကို ကိုယ်ပိုင်အတွေးဖြင့် ပေါင်းစပ်ကာခံစားတင်ပြထားသည်။ မိမိ၏ကိုယ်ပိုင်အတွေးကိုဖော်ပြရာတွင် သူတစ်ပါးမမြင်သော ရှုထောင့်များမှ ထောင့်ရှားအတွေးမြင်များဖြင့် ရေးဖွဲ့တင်ပြနိုင်သည်။ အကြောင်းအရာခိုင်မာအောင် သာဓကတစ်ခုမှတစ်ခုသို့ ပါးနပ်စွာကူးပြောင်းကာ အာဘော်သို့ရောက်အောင် တစ်ဆင့်ထက် တစ်ဆင့် မြှင့်ကာရေးဖွဲ့ထားပါသည်။ သာဓကများ၊ ကိုယ်တွေ့ဖြစ်ရပ်များ၊ ဇာတ်လမ်းများဖြင့် ရသနှစ်သက်မှု ပါအောင်ထည့်သွင်းရေးဖွဲ့သည်။ တချို့သော ရသစာတမ်းများတွင် ဆောင်းပါးဟန်များဖြင့် ရှင်းပြလေ့ရှိသည်။ သို့သော် ရသစာတမ်း၏ အဆုံးတွင် စာဖတ်သူ၌ နှစ်သက်မှုဖြစ်ရသည်။

## ကိုယ်ပိုင်အတွေးအမြင်ပါအောင်ရေးဖွဲ့ခြင်း

ရသစာတမ်းသည် အကြောင်းအရာကို အသိပေးလိုခြင်းထက် အတွေးအမြင်ကို ချပြလိုခြင်းက ရှေ့ဆောင်ပါသည်။ စာရေးသူတွေးပြသော အတွေးအမြင်ခံစားမှုကသာ ပို၍အရေးကြီးလှပေသည်။ ဇော်ဂျီ၏ ရသစာပေ၏သဘော (၂၀၀၉) တွင်

> "စာစုံလာ၍မှတကိုပါ ထည့်စဉ်းစားလာနိုင်သောအခါ ကိုယ်၏စာသိသုတသည် ကိုယ့်ခေတ်နှင့် ကိုယ့်ပတ်ဝန်းကျင်နှင့် ဆီလျော်ခြင်းရှိမရှိကို တစ်ချိန်ချိန်တွင် ညှိတတ် စဉ်းစားတတ်၍ အဖြစ်မှန် အရှိမှန် သဘောမှန်ကို မြင်လာ နိုင်ပါသည်။" (စာ ၆၁)

ဟူ၍ ဖော်ပြထားသည်။ စာတွေ့သုတကို ကိုယ်တွေ့ဖြစ်ရပ်နှင့်ချင့်ချိန်ကာ အတွေးအမြင်ပါအောင် ရေးဖွဲ့ထားခြင်းဖြစ်သည်။

အောင်သင်း၏သူ့အတွေးကိုယ့်အမြင် (၂၀၀၈) တွင်

> "အမှန်ပြောရလျှင် ကျွန်တော်သည်ကိုယ်ပိုင် အတွေးအမြင်ကလေးတစ်ခု လောက်မျှ မထည့်လိုက်ရလျှင် စာမရေးချင်ပါ။"
>
> "ကျွန်တော့်အတွေ့အကြုံအရ စာလေးတစ်ကြောင်း၊ စကားလေးတစ်လုံးသည် မိမိ အတွေးကိုလင်းခနဲလက်ပြီး ပွင့်သွားစေသည်ကို မကြာခဏကြုံခဲ့ ဖူးပါသည်။" (စာ ၁၃)

ဟု မိမိ၏အမြင်ကို တင်ပြထားသည်။ စာရေးသားရာတွင် ကိုယ်ပိုင်အတွေးအမြင်မထည့်ဘဲ စာမရေးချင်ကြောင်းနှင့် စာတစ်ကြောင်း၊ စကားလုံးတစ်လုံးကြောင့် အတွေးများရလာတတ် ကြောင်းဆိုထားခြင်း ဖြစ်ပါသည်။ ထိုသို့သော စိတ်နေသဘောထားကြောင့် အောင်သင်း၏ ရသစာများသည် ရသစာတမ်းကောင်းများဖြစ်နေရခြင်းဖြစ်သည်ဟု ယူဆမိပါသည်။

## လှလိုက်တာနော်

“အလှပစ္စည်းတစ်ခုသည် ထာဝရပီတိပင် ဖြစ်သတည်း။” (၂၀၀၅၊ စာ ၇၁)

အင်္ဂလိပ်ကဗျာဆရာ ဂျွန်ကိ(တ်စ်)၏ ကဗျာကိုအခြေပြု၍ သိန္နီမြို့ရှိ တိမ်အလှ၊ ဝီလျံဝါးစ်ဝါ့သ်၏ ဒက်ဖိုဒေးလ်ကဗျာအလှ၊ ရစ်ချတ်ဘုရင်နှင့် ယုတ္တိဗေဒဆရာတို့၏ ယုတ္တိတန်သောစကား၊ မြတ်စွာဘုရား နှင့် ကာလာမမင်းတို့၏ ယုတ္တိအစဉ်စကားများ၊ ဂျွန်ကိ(တ်စ်)၏ကဗျာထဲမှ ‘အလှသည်သစ္စာ၊ သစ္စာသည် အလှ’တို့ကိုတွေ့မြင်ခံစားပြီးနောက် ‘လှလိုက်တာနော်’ဟု မြည်တမ်းကာ အဆုံးသတ် ထားသည်။ ထိုအဆိုကိုလက်ခံလာစဉ် ကိုယ်တွေ့အဖြစ်အပျက် ဖြစ်သည့် သိန္နီမြို့၏ရှုခင်းဖြင့်-

> “ပင်လယ်ရေပြင်က ပြာပြာမှိုင်းမှိုင်း၊ ကျွန်းတောင်ကြီးက စိမ်းစိမ်းညို့ညို့။ ကျွန်တော်၏ ဝိညာဉ်လိပ်ပြာမှာ စိမ်းစိမ်းညို့ညို့ကျွန်းတောင်ကြီးကို ပတ်သန်းရစ်ဝဲပြီး အတောမသတ် ပင်လယ်ပြင်ပေါ် လွင့်မျောပြီး မိုးကုပ်စက်ဝိုင်းဆီသို့ လွင့်ပါးသွားသကဲ့သို့ ခံစားလိုက်ရပါ သည်။ ကျွန်တော်တကယ်လန့်သွားတာပါ။ အံ့သြခြင်း။ မယုံကြည်နိုင်ခြင်း၊ ရင်သပ် ရှုမောဖြစ်ရခြင်းတို့နှင့် တကယ်လန့်သွားမိပါသည်။ ဘယ့်နှယ်ပင်လယ်ပြင် ဖြစ်နိုင်ပါ မည်လဲဟူသော သတိစိတ်ဖြင့် သေချာထပ်ပြီး ကြည့်လိုက်တော့မှ ဟိုအောက်ဘက်မှာ ငြိမ်နေသောတိမ်ပင်လယ်ကြီးပါလား။ မျှော်လို့ကြည့်လို့ မဆုံးနိုင်သော တိမ်ပင်လယ်ပြင် ကြီး။ ဟိုဘက်နားက တောင်မြင့်ကြီး တစ်လုံးကတော့ တိမ်ပင်လယ်ကြီးကို ဖောက်ထွက် နေသည်။ တိမ်ပေါ်က ကျွန်းတောင်ကြီး။” (၂၀၀၅၊ စာ ၇၁)
>
> “အမယ်လေး‘လှလိုက်တာနော်’ ဟု ကျွန်တော့်ရင်ထဲမြည်နေသည်။” (စာ၇၂)

ဟုဖော်ပြထားသည်။ ဝီလျံဝါးစ်ဝါ့သ်၏ ကဗျာအလှကို နဂါးငွေ့ကြယ်မှုန်တန်းကြီးကို မြင်လိုက် သကဲ့သို့၊ ပန်းပင်လယ်ကြီးကို မြင်လိုက်ရသကဲ့သို့ဟူ၍ ကဗျာအလှနှင့်အတူ လှလိုက်တာနော်ဟု အောက်မေ့ခဲ့မိပါ သည်။ ထို့နောက် ရစ်ချတ်ဘုရင်နှင့် ယုတ္တိဗေဒပညာရှင်တို့၏ ယုတ္တိရှိသော ကောက်ချက်များ ကိုဖော်ပြ သည်။ “ဘုရင်က အားလုံးသော လူတို့သည် လူလိမ်များဖြစ်သည်။ ဘုရင်သည်လည်း လူတစ်ယောက် ဖြစ်သောကြောင့် လူလိမ်ပြောသော စကားတို့သည်မမှန်ဟု ယုတ္တိဗေဒပညာရှင်က ကောက်ချက်ချပြ သည်။”

“ကျွန်တော်အလွန်ကို ပျော်ပျော်မြူးမြူးသဘောကျသွားပြီ ‘လှလိုက်တာနော်’ ဟု အောက်မေ့ လိုက်မိပါ သည်။” (စာ ၇၃-၇၄) ကေသမုတ္တိသုတ်လာ မြတ်စွာဘုရားရှင်နှင့် ကာလာမမင်းတို့၏ အပြန်အလှန် ပြောဆိုပုံကို ဖော်ပြထားသည်။ မြတ်စွာဘုရားရှင်က လောဘ၊ ဒေါသ၊ မောဟတို့၏အပြစ်များ ကိုထောက်ပြ၍ ကာလာမမင်းတို့က အလောဘ၊ အဒေါသ၊ အမောဟ တို့၏ကောင်းပုံများကို သိရှိပြီး ဝန်ခံကြပုံကို စာရေးသူကစဉ်းစားဆင်ခြင်မိပုံဖြင့်-

> “ကျွန်တော်တစ်ချက်ဝင်ပြီး စဉ်းစားမိပြန်သည်။ အလောဘ၏ လက္ခဏာသည် ပေးကမ်း စွန့်ကြဲခြင်း၊ ရက်ရောလှူဒါန်းခြင်းတို့ဖြစ်သည်။ အဒေါသ၏ လက္ခဏာသည်မေတ္တာ၊

ကရုဏာထားနိုင်ခြင်းတို့ကို ဖြစ်စေသည်။ အမောဟ၏ လက္ခဏာသည် အမြင်ကြည်လင် သန့်ရှင်းခြင်းကို ဖြစ်စေသည်။" (၂၀၀၅၊ စာ ၇၆)

ဟုတွေးပြခဲ့သည်။ "ကျွန်တော်သည် ကေသမုတ္တိ၏ယုတ္တိအခန်းကို သေချာအပြန်အလှန် စဉ်းစားပြီးနောက် 'လှလိုက်တာနော်' ဟု ရေရွတ်မြည်တမ်းမိပါသည်။"(စာ ၇၇) ထို့အပြင် ရသစာတမ်း၏ အဆုံးသတ်စာကြောင်းဖြစ်သည့်-

"အလှသည် သစ္စာ၊ သစ္စာသည် အလှ'တဲ့ လှလိုက်တာနော်" (၂၀၀၅၊ စာ ၇၇)

ဟူသောစကားက အတွေးအမြင်ခံစားမှုတို့ကို မီးမောင်းထိုးပြနေပါသည်။ အကြောင်းအရာကို အခြေခံသော်လည်း ပြောလိုသောလှပခြင်း၊ ကြောင်းကျိုးသင့်ခြင်းစသည့် အလှသဘောသို့ ရောက်အောင် အားထုတ်ထားသည်ကို တွေ့နိုင်ပါသည်။ သူပြောလိုသော အလှခံစားမှုသဘောကို ပေါ်လွင်အောင် တင်ပြနိုင်သည်ဟုဆိုရပါမည်။ စာရေးသူသည် သူပြောလိုသော ရည်ရွယ်ချက်သို့ရောက်စေရန် အချက်အလက်သာဓက (၅) ခုကို အသုံးပြု၍ ရေးသားခဲ့ပါသည်။ စာရေးသူတင်ပြသော အကြောင်းအချက်များသည် နည်းလည်းမနည်းလွန်း၊ များလည်းမများလွန်းဘဲ အသင့်အတင့် အနေအထားဖြင့် စာဖတ်သူကို စိတ်ဝင်စားစေခဲ့ရသည်။ ဂျွန်ကိ(တ်စ်)၏ ကဗျာနှင့်စ၍ ဂျွန်ကိ(တ်စ်)၏ ကဗျာနှင့် အဆုံးသတ်ထားရာ စာဖတ်သူစိတ်၌ သဘောကျလက်ခံကာ ရသနှစ်သက်ခြင်းဖြစ်ခဲ့ရသည်။

**ထောင့်ရှားအတွေးဖြင့်ရေးဖွဲ့ခြင်း**

စာရေးသူတင်ပြသောအတွေးသည် စာဖတ်သူတို့မတွေးမိသော အတွေးမျိုးလည်း ဖြစ်နေတတ်ပါသည်။ ရှားရှားပါးပါး အတွေးမျိုးဟုဆိုနိုင်ပါသည်။ စူးရှပြီးသူတကာ မမြင်နိုင်သောထောင့်က တွေးပြရေးပြသောကြောင့် စာဖတ်သူများအဖို့ အံ့သြနှစ်သက်ခြင်း ဖြစ်စေရသည်။ ဤအတွေးမျိုးကို ထောင့်ရှားအတွေးဟု ခေါ်ဆိုနိုင်ပေလိမ့်မည်။

မောင်ခင်မင်(ဓနုဖြူ)၏ စာတမ်းငယ်စာပေစာတမ်းများ (၁၉၈၇) တွင်-

"စာဖတ်သူအနေဖြင့် တစ်ခါမှဆက်စပ်မတွေးဘူးသော အတွေးမျိုးကိုလည်း လင်းခနဲလက်ခနဲ ပြနိုင်စွမ်းရှိပါသည်။" (စာ ၇၅)

ဟုဆိုပါသည်။ ရသစာတမ်းသည် စာဖတ်သူမသိ၊ မမြင်၊ မတွေးဘူးသောရှုထောင့်မှ တွေးပြ ရေးပြခြင်းဖြစ်သည်ဟုဆိုထားခြင်းဖြစ်ပါသည်။

စာတမ်းငယ်စာပေစာတမ်းများ (၁၉၈၇) တွင် မြဇင်က-

"စာတမ်းငယ်ရေးသူသည် သူထိုးထွင်းမြင်ထားသော အကွက်တစ်ကွက်ကို လှလှပပ ရှင်ရှင်ပျပျ တင်ပြထားကြောင်း တွေ့ရသည်။" (စာ ၁၀၅)

ဟူ၍ဖော်ပြသည်။ ရသစာတမ်းတွင် စာရေးသူက သူတစ်ပါးမမြင်နိုင်သော ရှုထောင့်မှ တွေးကာ တင်ပြသောသဘောကို ဆိုလိုခြင်းဖြစ်ပါသည်။

မောင်မောင်မြင့်သိန်း၏ ဝေဖန်ရေးအလှရှာပုံတော် (၂၀၀၃) တွင် အောင်သင်းက-

"Essay ကောင်းပြီဆိုရင် အတွေးပါတယ်။ အရေးလှတယ်။ အဲဒီမှာ ထပ်ပြီး ပြောရရင် အတွေးကထောင့်ရှားအတွေး၊ လူတိုင်းမမြင်နိုင်တဲ့ ထောင့်က တွေးတဲ့အတွေး၊ အင်္ဂလိပ် လိုဆိုရင်တော့ unnoticed corner လို့ခေါ်တယ်။" (စာ ၄၅)

ဟုဆိုပါသည်။ ထောင့်ရှားအတွေးအမြင်ခံစားမှုဖြစ်ပါက ပိုမိုအဆင့်အတန်းမြင့်သော ရသစာတမ်း ဖြစ်လာမည့်ပုံကို ဆိုထားခြင်းဖြစ်ပါသည်။ အောင်သင်းဖန်တီးသော ရသစာတမ်းများမှ ထောင့်ရှား အမြင်ဖြင့်ဖန်တီးသည့် ရသစာတမ်းများကို ဆက်လက် လေ့လာတင်ပြပါမည်။

**အအေးနှင့် အနွေး**

ဤရသစာတမ်းတွင် စာရေးသူ စစ်ကိုင်းဆောင်တွင်နေစဉ် သန်းခေါင်ကျော်အချိန် အဆောင်သို့ ပြန်ရောက်၍ စွပ်ကျယ်လက်ပြတ်နှင့် အိပ်ရာဝင်ခဲ့သည်။ ရန်ကုန်ဆောင်းသည် မချမ်းလှ သော်လည်း အေးစက်သောလက်နှစ်ဖက်ကို ချိုင်းကြားတစ်ဖက်စီ နေရာယူထားပြီး အိပ်ပျော်ရန် ကြိုးစားခဲ့သည်။ သို့သော် လက်နှစ်ဖက်မှာ နွေးသွားသော်လည်း ချိုင်းမှာ အေးစက်နေသော ဝေဒနာကိုခံစားမိခဲ့သည်။ အကောင်းနှင့်အဆိုးကြုံလာလျှင် အဆိုးဘက် ကတွေးတောခံစားတတ်သော လူ့သဘာဝကို ပေါ်လွင် အောင် တွေးပြခဲ့သည်။

ထို့နောက် ဝဝလင်လင် စားသောက်ပြီးသောအခါ စည်းစိမ်ယူခြင်းထက် ဆာလောင် မွတ်သိပ်ခြင်းကို ပို၍ခံစားတတ်ကြသည်။ ကျန်းမာနေသည်ကို နှစ်လိုခြင်းထက် နာဖျားသော အခါကြုံရသောဒုက္ခကို ပို၍ခံစားမိပြန်သည်။ ဒုက္ခကင်းနေခြင်းသည်ပင်လျှင် သုခဖြစ်ပေသည်။

ထို့ကြောင့်စာရေးသူက မိမိကိုယ်တိုင် ဒုက္ခကိုထက်မြက်စွာခံစားရင်း သုခကို မေ့လျော့ ကြကြောင်း တွေးပြသည်။ သင့်တင့်စွာ နှလုံးသွင်းတတ်မှသာ စိတ်ချမ်းသာ မှုရနိုင်မည့်ပုံကို-

"လောကဓံတရားကြောင့် ကိုယ်စိတ်ဆင်းရဲခြင်းကိုလည်း ကြုံရတတ်ပါသည်။ သို့သော် ထိုသို့သော ဆင်းရဲပင်ပန်းခြင်းမျိုးမှ လွတ်မြောက်သည့်အခါများလည်းရှိပါသည်။ ထိုအခါ မျိုးတွင် မိန်းမောမနေလိုက်ဘဲ ဆင်းရဲခြင်းကို ခံစားလိုက်ရမိ သကဲ့သို့ပင် ချမ်းသာခြင်း ကိုလည်း တရားဝင်အသိအမှတ်ပြု ခံစားတတ်ပါသည်။ 'ငါ့ဘဝ၊ငါ့အဖြစ် ကလေးက မဆိုးလှပါဘူး'ဟု တွေးလိုက်သောအခါ စိတ်ချမ်းသာမှုကလေးလည်း ပိုပြီးမြင့်လာလိုက် သလိုလို၊ ရောင့်ရဲမှုကလေးလည်း တိုးတက်လာ လိုက်သလိုလို ရှိတတ်ပါသည်။" (၂၀၀၅၊ စာ ၄၂)

ဟု တင်ပြသည်။ စိတ်ချမ်းသာမှုကို ဖြည့်စွက်တွေးတတ်မှသာ လောကသဘာဝအလှတရား များကို ခံစားနိုင်မည်ဖြစ်ပါသည်။ လောကအလှသည် လူတိုင်းအတွက်ပေးခဲ့သော်လည်း လူ့သဘာဝကြောင့် ပျော်ရွှင်ခြင်း၊ အေးချမ်းခြင်းကို မပျောက်ဆုံးစေရန် နှိုင်းချင့်တွေးဆပြ သည်ဟုဆိုနိုင်သည်။

## အာဘော်သို့ရောက်အောင် တစ်ဆင့်ပြီးတစ်ဆင့်ရေးဖွဲ့ခြင်း

ဇော်ဂျီ၏ 'ရသစာပေ၏သဘော' တွင် "စေတနာတစ်ခုခုကို အကြောင်းပြုလျက် စာရေးဆရာ တစ်ဦး၏ စိတ်၌ခံစားမှုမှတစ်ဆင့် ခံစားမှုအသိဖြစ်ပေါ်လာရာမှ ရည်ရွယ်ချက် တစ်ခုခုရလာပုံ အထိ (ဝါ) စာ၏အာဘော် ရလာပုံအထိဖြစ်သည်။"(စာ ၁၂၇)ဟုဆိုထားပါသည်။ "ပုတီးတစ်ကုံး၌ ပုတီးလုံး အသီးသီးသည် သီးခြားရပ်တည်လျက် တစ်လုံးနောက်သို့ တစ်လုံးက လိုက်နေသော်လည်း သီကြိုးပေါ်တွင် ပုတီးတစ်ကုံးအဖြစ်ဖြင့် စည်းလုံးမှုရှိနေ သကဲ့သို့ဖြစ်သည်။" (၂၀၁၉၊ စာ ၁၈၁)ဟူ၍ဖော်ပြသည်။

ရသစာတမ်းကောင်းတို့၏ သဘောလက္ခဏာနှင့်ပတ်သက်၍ Hunter college က အင်တာနက် အကိုးအကားတွင်-

> "အက်ဆေးကောင်းတို့တွင် အောက်ဖော်ပြပါ သဘောလက္ခဏာများ ပါရမည်။ စည်းလုံးမှု (Unity) ၊ အစီအစဉ်ကျမှု (Order)၊ ကျစ်လျစ်မှု (Brevity)၊ ဟန်ရှိမှု (Style)၊ ကိုယ်ပိုင်လက်ရာရှိမှု (Personal Touch) တို့ဖြစ်သည်။ အက်ဆေး တစ်ပုဒ်သည် စည်းလုံးညီညွတ်မှုရှိရမည်။ အကြောင်းအရာ တစ်ရပ်အပေါ် အစီအစဉ်တကျ ဆွေးနွေး တင်ပြမှုရှိရမည်။ တိကျမှန်ကန် သော အရေးအသားဖြစ်ပြီး မရှည်လွန်းသင့်ပေ။ ရေးဟန်သည် ရိုးရှင်းရမည်။ တိုက်ရိုက် တင်ပြရမည်။ ရှင်းလင်းရမည်။"

ဟု ဖွင့်ဆိုထားသည်။ အက်ဆေးကောင်းတို့တွင် စည်းလုံးညီညွတ်မှုရှိအောင် ရေးသားရမည့်အပြင် မရှည်လွန်းမတိုလွန်းဘဲ တိုက်ရိုက်တင်ပြဟန်ဖြင့် ရိုးရှင်းစွာရေးသားထားသော စာပေမျိုးဖြစ်ပေသည်ဟု ဆိုထားပါသည်။

စာတမ်းငယ်စာပေစာတမ်းများ (၁၉၈၇) တွင် မြဇင်က-

> "မိမိယူလိုသော ကောက်ချက်သို့ ဆိုက်ရောက်သည့်တိုင်အောင် တစ်ဆင့်ပြီး တစ်ဆင့် ပုံဖော်သည်။ အမှားမပါအောင် ဂရုစိုက်၍ အထောက်အထားတို့ဖြင့်အဆိုကို ခိုင်မာအောင် တည်ဆောက်လျက်၊ ခြင်ဆင်မှုအစဉ်ကိုပြလျက် မလွဲမရှောင်သာ သောနိဂုံးသို့ ဆိုက်ရောက်သည့်တိုင်အောင် ပို့ပေးသည်။" (စာ ၉၆)

ဟု ရေးသားထားသည်။ ရသစာတမ်းများတွင် အာဘော်သို့ရောက်အောင်ရေးသားရာတွင် တစ်ဆင့်ပြီး တစ်ဆင့်ပုံဖော်ရေးသားခြင်းဖြစ်ပေသည်။

### အနီးအဝေး

'အနီးအဝေး' ရသစာတမ်းတွင် စာရေးသူသည် အိန္ဒိယရုပ်ရှင်မင်းသမီး 'မဒူဘာလာ' အလှကို ပိတ်ကားနှင့် နီးကပ်လွန်း၍မြင်နေရသောအခါ-

> "မဒူဘာလာ၏အလှကို အာရုံခံစားလိုသဖြင့် ရုပ်ရှင်ကြည့်မိပါ သော်လည်း 'မျက်စိထဲသို့ အလှကမဝင်၊ အလှထဲသို့မျက်စိဝင်' နေသဖြင့် အလှကိုမမြင် ရဘဲရှိခဲ့ပါတော့သည်။" (၂၀၀၅၊ စာ ၃၅-၃၆)

ဟူ၍ ရေးသားထားသည်။ နီးလွန်းသောကြောင့် မမြင်ခြင်းဖြစ်ပေသည်။

ထို့မှ နီးကပ်လွန်း၍ မမြင်နိုင်သော ကျေးဇူးတရားများကို အဆင့်ဆင့်တွေးပြခဲ့သည်။ လျှပ်စစ်မီး တီထွင်သော အယ်ဒီဆင်၏ကျေးဇူးမှ နေမင်း၏ကျေးဇူးကို ဆင်ခြင်ပြခဲ့သည်။ ထို့နောက် ကမ္ဘာမြေကြီး၏ကျေးဇူးကိုပါတွေးပြသည်။

"လျှပ်စစ်ဓာတ်မီးကို စတင်တီထွင်ခဲ့သော 'အယ်ဒီဆင်'ဆိုသူ အမေရိကန် သိပ္ပံပညာရှင်ကြီး ကွယ်လွန်သည့်နေ့တွင် နယူးယောက်မြို့တစ်မြို့လုံး ခေတ္တအမှောင်ချ၍ ပညာရှင်ကြီးကို အလေးပြုခဲ့ကြသည်။" (၂၀၀၅၊ စာ ၃၆)

"နေမင်း၏ကျေးဇူးကားပြော၍မပြီး ရေး၍မကုန်အောင် ကြီးလှစွာ၏။"

(၂၀၀၅၊ စာ ၃၆-၃၇)

"ဂြိုဟ်ကြီးကိုးလုံးတွင် အပါအဝင်ဖြစ်သည့် ကျွန်တော်တို့ မှီတင်းနေထိုင်ရာ ဤကမ္ဘာမြေကြီး၏အလှကို ဘယ်နှစ်ခါမြင်ဖူးကြသနည်း။ နီးလွန်းသောကြောင့် မမြင်နိုင်ကြလေပြီ။" ( ၂၀၀၅၊ စာ ၃၇)

ဟူ၍ ကျေးဇူးတရားများကို တစ်ဆင့်ထက်တစ်ဆင့်မြှင့်ကာ အာဘော်သို့ရောက်အောင် အဆင့်ဆင့်တွေးပြခဲ့သည်။ တစ်ဖန် "တစ်ခါတစ်ရံ ကူညီဖူးသူတို့၏ကျေးဇူးကို အောက်မေ့သော်လည်း တစ်သက်လုံး စောင့်ရှောက်ခဲ့သော မိဘတို့၏ကျေးဇူးကိုလေးနက်စွာ မဆင်ခြင်မိ တတ်ကြခဲ့ပေ။ မိမိအားအသက်ဘေးမှကယ်ခဲ့သော သူတို့အားထပ်တလဲလဲ ချီးမွမ်းသော်လည်း မိခင်၏ကျေးဇူးကို သတိမရတတ်ပေ။ ခဏကြုံဆုံ၍ ကဗျာရေးနည်းလမ်းညွှန်ခဲ့သော စာရေးဆရာကြီးတစ်ဦး၏ကျေးဇူးကို မကြာခဏဖော်ထုတ်သော်လည်း နေ့စဉ်သင်ကြားနေသော ဆရာ၏ကျေးဇူးကို အမှတ်မဲ့နေခဲ့သည်။" (စာ-၃၇)

နောက်ဆုံးပန်းတိုင်ဖြစ်သည့် မြတ်စွာဘုရားရှင်၏ ကျေးဇူးတော်များကို-

"ဗုဒ္ဓမြတ်ရှင်၊ ခရစ်တော်စသော ပုဂ္ဂိုလ်မြတ်တို့၏ ကျေးဇူးတော်များကိုလည်း ကြီးလွန်း၍မကွယ်လေအောင် နီးလွန်း၍မကွယ်လေ အောင် အားထုတ်ရပါဦးမည်။"

(၂၀၀၅၊ စာ ၃၈)

ဟူ၍ 'အနီးအဝေး' ၏ပုံရိပ်ကိုမြင်သာအောင် ပုံဖော်တွေးပြခဲ့ပေသည်။ နီးလွန်းသောကြောင့် ဝေးကွာတတ်သောသဘောကို သာဓက (၇) ခုဖြင့်မြင်သာအောင် တင်ပြခဲ့ခြင်းဖြစ်ပေသည်။ ဗဟုသုတ အမျိုးမျိုးသည် တစ်ခုနှင့်တစ်ခုမတူကြပါ။ မတူညီသည့်အတွက် စာဖတ်သူတို့အဖို့ ငြီးငွေ့ဖွယ်မဖြစ်ပါ။ အံ့သြရခြင်း၊ နှစ်သက်ရခြင်းခံစားမှုများ တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ဖြစ်ပေါ်လာစေပါသည်။ မတူညီ သောသာဓကများအပေါ် အာရုံဝင်စားရင်းစာဖတ်သူသည် အတွေးအမြင်နောက်သို့ မျက်ခြေ မပြတ် လိုက်ပါလာအောင် သာဓကအမျိုးမျိုးဖြင့် ဖမ်းစားထားပါသည်။ မတူညီသော သာဓကများသည် စာရေးသူ၏ အတွေးအမြင်ကို တညီတညွတ်တည်း ထောက်ကူပံ့ပိုးထားသည့်အတွက် အဆုံးတွင် စာဖတ်သူသည် နှစ်နှစ်သက်သက်နားလည်လက်ခံလာအောင် အဆင့်ဆင့်စည်းရုံးဆွဲဆောင် ရေးသား ထားပါသည်။

## ဆင်ခြင်မှုဖြင့် နှစ်သက်ဖွယ်ဖြစ်အောင်ရေးဖွဲ့ခြင်း

ဇော်ဂျီ၏ 'ရသစာပေ၏သဘော'တွင် "ရသစာပေမှရနိုင်သော အသိသည်ဖတ်နေသူ၌ သူကိုယ်တိုင်ခံစားခဲ့ရခြင်း၊ သူ့စိတ်လှုပ်ရှားခဲ့ရခြင်းတို့နှင့်ကြုံရပြီးမှ စေတနာစိတ်ဓာတ် ဖြစ်ပေါ်လာ၍ အသိဝင်လာခြင်းဖြစ်သည်ဟု ဆိုချင်ပါသည်။ တစ်နည်းဆိုရသော် ခံစားရခြင်းမှ စိတ်လှုပ်ရှားရခြင်းသို့၊ စိတ်လှုပ်ရှားရခြင်းမှ စေတနာစိတ်ဓာတ်သို့ အဆင့်ဆင့်ရွေ့လျား ကြီးထွားလာ၍ နောက်ဆုံး၌ အသိအခြေသို့အလိုအလျောက် ရောက်လာခြင်းဖြစ်သည်ဟု ဆိုချင်ပါသည်။" (၂၀၀၉၊စာ ၃၆-၃၇) ဟု ဖော်ပြထားသည်။

နှစ်သက်မှုသဘောကို အောင်သင်း (၂၀၀၉) က-

" (၁) အသိပညာရ၍ နှစ်သက်ခြင်း။

(၂) အနုပညာ၌ နှစ်သက်ခြင်း။

(၃) လက်တွေ့ဆင်ခြင်ခွင့်ရ၍ နှစ်သက်ခြင်း။" (စာ ၁၁၀)

ဟူ၍ ဖော်ပြထားသည်။ ရသစာပေတွင် အသိပညာရ၍ နှစ်သက်ခြင်းဖြစ်သလို လက်တွေ့ ဆင်ခြင်ခွင့်ရသောကြောင့် နှစ်သက်ဖွယ်ဖြစ်ရသည်။

## ပရိက္ခရာအတွေး

စာရေးသူက တန်ဖိုးကြီးမုတ်ဆိတ်ရိတ်ဓားနှင့် တန်ဖိုးနည်းမုတ်ဆိတ်ရိတ်ဓားတို့သည် တန်ဖိုးချင်းကွာခြားသော်လည်း အရည်အသွေးတူညီကြောင်း တွေးပြထားသည်။ ထိုအတွေးမှတစ်ဆင့် အဓိကနှင့်သာမညကို ခွဲခြားတတ်ရန် မြတ်စွာဘုရားရှင်၏ ပရိက္ခရာ ရှစ်ပါးနှင့် ဆက်စပ်တွေးပြခဲ့သည်။ ထိုမှ လူ့သဘာဝကို ဆင်ခြင်ပြခဲ့သည်။

စာရေးသူ၏ အတွေးအခေါ်ကို သွန်သင်ပေးခဲ့သော မြတ်စွာဘုရား၏ ပရိက္ခရာရှစ်ပါးအကြောင်းကို -

"မင်္ဂဖိုလ်ရရာရကြောင်းကိုသာ ပဓာနထားရန်။ မင်းတို့တသသလုပ်နေတဲ့ ဆံပင်တွေရိတ်ဖို့ သင်တုန်းဓားလေး တစ်ချောင်းဆောင်ထားရန်။ အဝတ်အစားအတွက်ကလည်း ခါးဝတ်တစ်ထည်၊ ကိုယ်ရုံတစ်ထည်၊ အေးချမ်းတဲ့အခါခြုံဖို့၊ ခင်းထိုင်ဖို့ အဝတ်ထူကြီးတစ်ထည်လောက်ပါရင် လုံလောက်ကြောင်း။ ထိုအဝတ်များအတွက် သင်္ချိုင်းကုန်းမှာ စွန့်ပစ်ထားသော အဝတ်အပိုင်းအစများကိုကောက်ပြီး လိုအပ်ပါကစပ်ချုပ်ရမည်ဖြစ်သောကြောင့် အပ်တစ်ချောင်း ဆောင်ထားရန်။ အဝတ်များကို တစ်ရောင်တည်းဖြစ်ရန်အတွက် သစ်ခေါက်ရည်ဆိုးရန်။ စားသောက်ရေးအတွက် ဆွမ်းခံစားဖို့သပိတ် တစ်လုံးဆောင်ထားရန်။ ရေကောင်းရေသန့်ကို အလွယ်တကူရယူနိုင်ရန် ရေစစ်ကလေးဆောင်ထားရန်။ သစ်ရိပ်ဝါးရိပ်တွင် မင်္ဂကိစ္စဆောင်ရွက်ရာတွင် မြေပြင်မညီသည့်အခါ ခင်းထိုင်ရန် သားရေနယ်ကလေးတစ်ချပ်လောက် ဆောင်ထားရန်။ ဤသို့အားဖြင့် သင်းပိုင်၊ ဧကသီ၊ ဒုကုဋ်၊ အပ်၊ သပိတ်၊ သင်တုန်းဓား၊ ရေစစ်၊ သားရေနယ်တည်းဟူသော

ပရိက္ခရာရှစ်ပါးကို သတ်မှတ်ပေးထားခဲ့သည်ဟု ကျွန်တော်စိတ်ကူး မြင်ယောင်ကြည့် မိပါသည်။" (၂၀၁၇၊ စာ ၇၄-၇၅)

ဟုရေးသားထားသည်။ ရဟန်းတော်များအား ပြင်ပ(ဗာဟိရ)ကိစ္စကိုနည်းအောင် နည်းပေးလမ်းညွှန် ထားပုံကို ဘုရားရှင်ကတိုက်ရိုက်မြွက်ကြားဟန် ပြောစကားသုံး၍တင်ပြပြီးမှ စာရေးသူ၏ ဆင်ခြင်မှုနှင့် ဆက်စပ်ပြထားသည်။

စာရေးသူက ပရိက္ခရာရှစ်ပါးနှင့် ကျွန်တော်တို့သည် မည်သို့ဆက်စပ်နေကြောင်းကို ကျောင်းသား ကျောင်းသူများသည် မလိုအပ်ဘဲ စာရေးကိရိယာအသစ်အဆန်းများ ဝယ်ကြပုံ ကို တွေးပြသည်။ ထိုသို့ အသစ်အဆန်းကိုသဘောကျပုံမှာ ကလေးများသာမက လူကြီးများ လည်းပါကြောင်းကို-

"ကလေးတွေတင်ပဲလားဟု စဉ်းစားကြည့်လိုက်တော့ လူကြီးတွေလည်းတယ်ပြီး မထူးလှ ဟု အောက်မေ့မိသည်။ မော်တော်ကား 'မိုဒယ်' ဆန်းဆန်း ကိုအငမ်းမရလိုချင်ကြသူတွေ၊ နာရီပုံဆန်းပုံသစ်ကိုပတ်ပြီး ဟန်ရေးတပြပြ လုပ်ချင်သူတွေမှာလည်း ပဓာနအချက် ကိုမျက်ခြည်ပြတ် ကုန်ကြသည်ဟုထင်နေမိသည်။ ကျွန်တော်တို့နိုင်ငံတွင် ဈေးကွက် စီးပွားရေးစနစ် ကျင့်သုံးလိုက်တော့ လူသုံးကုန်ဆန်းဆန်းပြားပြားတွေကလည်း ဒလဟောဝင်လာလိုက်သည်မှာ မြင်မကောင်းရှုမကောင်း ဟုပြောရလောက် အောင်ပင် ဖြစ်နေ လေတော့သည်။" (၂၀၁၇၊ စာ ၇၆)

ဟုရေးသားထားသည်။ လူတို့၏အသစ်အဆန်းကို ခုံမင်တတ်သောစိတ်ကို မြတ်စွာဘုရားရှင်၏ ပရိက္ခရာ ရှစ်ပါးအတွေးဖြင့် ဆက်စပ်တွေးပြခဲ့သည်။

လူ့ဘောင်လောက၏ ပြင်ပကိစ္စများကိုနည်းနိုင်သမျှ နည်းအောင်ကြံဆောင်သင့်ကြောင်းကို-

"ကျွန်တော်တို့ ဘဝပန်းတိုင်သို့ သွားကြရာတွင်ကော သည်လိုလုပ် လို့မဖြစ် နိုင်ဘူးလား။ ဖြစ်နိုင်သည်ဟု ကျွန်တော်ယုံကြည်သည်။ အရေးကြီးသည်က ပစ္စည်းတစ်ခုကို ဝယ်မည် ကြံလိုက်တိုင်း 'ငါ့မှာ တကယ်လိုတာလား' ဆိုတာလေးကို သတိတရပြန်ပြီး မေးကြည့်မိ ဖို့ပဲဖြစ်သည်။" (၂၀၁၇၊ စာ ၇၇)

ဟူ၍ဖြစ်သည်။ ဘဝခရီးတွင် မိမိဘဝအတွက် အမှန်တကယ်လိုအပ်သည့်အရာများ အတွက်သာ အချိန်ကုန် အပင်ပန်းခံသင့်ကြောင်း တွေးပြခဲ့သည်။

ဤသို့ဖြင့် စာရေးသူက မိမိတို့ဘဝတွင်ပဓာနကျသော အကြောင်းရွေးချယ်၍ နေထိုင် တတ်စေရန်၊ အရေးကြီးသည်ဟုဆိုသောအရာများသည် တကယ်လိုအပ်သည့်အရာများသာဖြစ်သင့် ကြောင်းကို မြတ်စွာဘုရားရှင်၏ရဟန်းတို့အားလမ်းညွှန်ထားသော ပရိက္ခရာအတွေးဖြင့် ချိတ်ဆက် တွေးပြခဲ့ခြင်းဖြစ်ပေသည်။

## ဆောင်းပါးဟန်ဖြင့် ရေးဖွဲ့ခြင်း

"ဆောင်းပါးဟုခေါ်ကြရာ၌ သတင်းရေးပို့ဟန်၊ ဗဟုသုတဖြန့်ဝေဟန်၊ သဘောအယူအဆ တင်ပြဟန်သဘော သက်ရောက်သလိုလိုဖြစ်နေသည်ဟု တွေးမိသည်။ ဤစာစောင်၌ပါသောစာများ တွင်ဆိုခဲ့သော "ဟန်" တို့အပြင်၊ ရသသဘောလည်း နည်းများ မဆိုပါနေသေးသည်ဟု ယူဆပါသည်။ စင်စစ်မှာဆောင်းပါးနှင့်စာတမ်းတို့သည် အတော် အတန်နီးစပ်သည်ဟုထင်ပါ၏။"(ဇော်ဂျီ ၊၁၉၇၈၊ စာ ၁၀) ဟု ဆရာဇော်ဂျီကဆိုဖူးပါသည်။

ဆောင်းပါးနှင့်ရသစာတမ်းတို့၏ ကွာခြားချက်ကို အင်တာနက်အကိုးအကားတွင်-

> "ယေဘုယျအားဖြင့်ဆိုရလျှင် ဆောင်းပါးဆိုသည်မှာ စာဖတ်သူအား တစ်စုံတစ်ခုသော အကြောင်းအရာကို အသိပေးနေခြင်းဖြစ်သည်။ အသိပေးရာ၌ သတင်းအနေဖြင့် သော်လည်းကောင်း၊ အသားပေးအစီအစဉ်ပါဝင်သော ဇာတ်လမ်းအနေဖြင့်သော် လည်းကောင်း၊ ထုတ်ကုန် ပစ္စည်းတစ်ခု၏ သရုပ်ဖော်ချက်အနေဖြင့် သော်လည်းကောင်း အစီရင်ခံချက်အနေဖြင့် သော်လည်းကောင်း စသည်ဖြင့် ပုံစံအမျိုးမျိုးဖြင့် အသိပေးနိုင် သည်။ အခြားတစ်ဖက်တွင် ရသစာတမ်းဆိုသည်မှာ သတ်မှတ်ထားသော အကြောင်း အရာ တစ်ခုခုနှင့်ပတ်သက်သည့် တန်ဖိုးဖြတ်ချက်တစ်ခုခုကို ပေးနေခြင်းသာဖြစ်သည်။ ထိုသို့ တန်ဖိုးဖြတ်ပြသည်ဆိုရာ၌ တစ်ချိန်တည်းမှာပင် လူတစ်ဦးတစ်ယောက်၏ ယင်း အကြောင်းအရာနှင့်ပတ်သက်သည့် အသေးစိတ်ရှုထောင့်အမြင်ကို ရောင်ပြန်ဟပ်ပြရင်း တန်ဖိုးဖြတ်ပြနေခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသတည်း။"
>
> (www.differencebetween.com)

ဟူ၍ ဖွင့်ဆိုထားပါသည်။ ဆောင်းပါးသည်အသိပေးရုံမျှသက်သက်ဖြစ်ပြီး ရသစာတမ်းတွင် အတွေး အမြင်ဆိုင်ရာ တန်ဖိုးများပါဝင်နေပါသည်။

အောင်သင်း၏ လှလိုက်တာနော် (၂၀၀၅) တွင်-

> "တချို့စာတွေကို ကျွန်တော်က စာတမ်းဟုမထင်၊ ရေးစဉ်ကလည်း စာတမ်းဟု အာရုံမပြုခဲ့။ ဆောင်းပါးအဖြစ်သာရေးခဲ့သည်။ သူတို့ကတော့ စာတမ်းပါပဲဟု ပြောကြ သည်။ အမယ်ကျွန်တော့်ဆရာ ဆရာဇော်ဂျီကပင်လျှင် စာတမ်းနှင့်ဆောင်းပါး သဘော သွားချင်းတူ ကြောင်းရေးခဲ့သေးသည် ဘာညာနှင့်ပြောလိုက်ကြသေးသည်။" (အမှာစာ)

ဟုရေးသားထားသည်။ အောင်သင်းက သူ၏ရသစာတမ်းအချို့သည် ဆောင်းပါးဟန်ပါနေ ကြောင်း ဝန်ခံ ပြောကြားခဲ့သည်။

## ကဗျာလမ်း

'ကဗျာလမ်း' ရသစာတမ်းတွင် ကဗျာ၏တာဝန်ကို ဆွေးနွေးသည့်ပုံစံဖြင့် တင်ပြထားပါသည်။ ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်တို့ ရွေးချယ်စီစစ်သော "ခေတ်သစ်ကဗျာစာအုပ်"ကို အချို့ပုဂ္ဂိုလ်

များက မှတ်သားစရာမပါဟု စကားတင်းဆိုခဲ့ကြပါသည်။ ထိုအခါ အောင်သင်းက ကဗျာသည် မှတ်သားစရာကိုပေးရန် တာဝန်ရှိသလော၊ ဗဟုသုတပေးရန် တာဝန်ရှိသလော အမေးနှစ်ရပ်နှင့် အသိနှစ်မျိုးအကြောင်းကို ဆွေးနွေး ဖော်ပြပါသည်။

> "ကျွန်တော်တို့တွင် အသိနှစ်မျိုးရှိပါသည်။ တစ်မျိုးမှာ 'ကြံဆသိ' ဖြစ်၍ တစ်မျိုးမှာ 'ခံစားသိ' ဖြစ်ပါသည်။" (၂၀၀၅၊ စာ ၈၁)

ဟုဆိုကာ ထိုအသိနှစ်မျိုး၏သဘောကို ဆက်ရှင်းပြထားပါသည်။ ရှင်းပြရာ၌ အဇာတသတ် မင်းသားဥပမာ၊ သိဒ္ဓတ္ထမင်းသားဥပမာတို့ဖြင့် ဤသို့ရှင်းပြထားပါသည်။

> "အဇာတသတ်မင်းသားသည် ဇေကရာဇ်မင်းသွေး ဖြစ်သည်။ တစ်ဦးတည်းသောသားလည်းဖြစ်သည်။ ထို့ကြောင့် မိဘများက မရောင့်ရဲနိုင်အောင် ချစ်သောသားလည်းဖြစ်သည်။ ထို့ကြောင့် ထိပ်ထိပ်ကြဲ ဆရာကြီးများနှင့် ပညာသင်ကြားခဲ့ရပါလိမ့်မည်။ ထို့ကြောင့် 'သားတို့ရုပ်ရည် သီတာမည်သား' ဟူသောလင်္ကာမျိုး လောက်ကိုတော့ ရွတ်ဆိုဖူးပါလိမ့်မည်။ ထို့ကြောင့် မိဘတို့သည် သားသမီးကို လွန်စွာချစ်သည် ဟူသောအသိကို သိပါလိမ့်မည်။ သို့သော်သူကိုယ်တိုင် သားယောက်ျား တစ်ယောက် ရခါမှမိဘမေတ္တာသိသောကြောင့် နောင်တကြီးစွာရခဲ့ပါသည်။ ပထမအသိမျိုးကား ကျိုးကြောင်းဆင်ခြင်လျက် 'ကြံဆသိ' ဟု ကျွန်တော်ဆိုချင်ပါသည်။ ဒုတိယအသိကား ခံစားမှုကြောင့် ပေါ်ပေါက်လာသောကြောင့် 'ခံစားသိ' ဟုဆိုချင်ပါသည်။"
>
> (၂၀၀၅၊ စာ ၈၁-၈၂)

ဟူ၍ ဖြစ်နိုင်ရာအချက်များကို ဆင့်ကဲကောက်ချက်ချကာ ပထမအသိနှင့်ဒုတိယအသိ ခြားနားချက်ကို သုံးသပ်ပြသည်။

> "ကျွန်တော်တို့ တစ်နေ့တွင် သေကြရမည်ကို လူတိုင်းသိပါသည်။ စာဖတ်သူလည်း သိပါသည်။ သို့သော်သည်းဆုပ်မျှ သေခြင်းတရားကို ကြောက်လန့်ဖူးပါသလား။ သိဒ္ဓတ္ထမင်းသား သူသေနိမိတ်ကို မြင်စဉ်ကသိပုံမျိုးနှင့်တူမည် ထင်ပါသလား။ အရာဝတ္ထုဟူသမျှ ပုပုရွရွဟူသမျှသည် ရပ်တည်မနေ၊ အမြဲတစေ ပြောင်းလဲဖောက်ပြန် နေကြောင်း ကျွန်တော်တို့ မသိမဟုတ်၊ သိကြပါသည်။ ဆင်ခြင်ဉာဏ်ဖြင့်ပင်သိကြပါသည်။ သိပ္ပံပညာကြောင့် ပို၍သိကြပါသေးသည်။ သို့သော် သင်္ခါရသဘောတရားကို ဘယ်နှစ်ခါများ ဆင်ခြင် ဖူးပါသနည်း။" (၂၀၀၅၊ စာ ၈၂)

ဟူ၍တင်ပြခဲ့သည်။ အထက်ပါအတိုင်း ကြံဆသိနှင့်ခံစားသိသဘောကိုတင်ပြထားရာ ကြံဆသိ၏ တွေးတော ကြံဆရုံသဘာဝနှင့် ခံစားသိ၏ ကိုယ်တိုင်ဒိဋ္ဌကြုံဆုံရပုံသဘာဝတို့ကို ပေါ်လွင်လာစေခဲ့ပါသည်။

ထိုသို့သော ကြံ့ဆသိနှင့် ခံစားသိသဘောကိုဖော်ပြပြီး ခံစားသိ၏အကျိုးပြုပုံကို-

"ကြံ့ဆသိကြောင့် စကားပြောကောင်းသော လူဖြစ်နိုင်ပါလိမ့်မည်။ စာရေးကောင်းလူ ဖြစ်နိုင်ပါလိမ့်မည်။ သို့သော်ကောင်းသောလူ မဖြစ်နိုင်ပါ။ ကြံ့ဆသိ သည်စိတ်ကို မပြောင်းနိုင်ပါ။ ခံစားသိသာလျှင် စိတ်ကိုပြောင်းနိုင်ပါ သည်။" (၂၀၀၅၊ စာ ၈၂)

ဟု ဆိုထားပါသည်။ ခံစားသိသာလျှင်လက်တွေ့နှင့်နီးစပ်ပြီး အကျိုးသက်ရောက်မှုရှိသည် ဟူသော ရှုထောင့်မှရှုမြင်ခြင်းဖြစ်ပါသည်။

ထိုမှ အရေးပါသောခံစားသိကိုရောက်အောင် ကဗျာဆရာများက အားထုတ်ရပုံကို-

"ကဗျာသည် ဗဟုသုတပေးရန် မဟုတ်ပါ။ ခံစားမှုကို ပေးရန်ဖြစ်ပါသည်။ မသိသေး သည်ကိုသိအောင် ကဗျာဆရာများက အားထုတ်ခြင်းမဟုတ်ပါ။ မခံစားရသေးသည်ကို ခံစားရအောင် အားထုတ်ခြင်း ဖြစ်သည်ဟုထင်ပါ သည်။" (၂၀၀၅၊ စာ ၈၂-၈၃)

ဟုဖော်ပြခဲ့သည်။ ကဗျာသည်ဗဟုသုတပေးရန်မဟုတ်ဘဲ ခံစားမှုပေးရန်ဖြစ်သကဲ့သို့ ကဗျာဆရာ ကလည်း ဗဟုသုတပေးရန်ကဗျာရေးခြင်းမဟုတ်ဘဲ ခံစားမှုပေးရန်သာကဗျာ ရေးခြင်းဖြစ်ကြောင်း ကောက်ချက်ကိုခိုင်မာအောင်ဆိုခဲ့ပါသည်။

တစ်ဖန် ဘာသာစကားနှင့်စာပေသည် လူတစ်ဦးနှင့်တစ်ဦး ကြံ့စည်မှု၊ တွေးသိမှုစသော စိတ်ချင်း ဆက်သွယ်ပေါင်းကူးရေးကြောင့်သာ ပေါ်ပေါက်လာခြင်းဖြစ်သည်။ သို့သော်ဘာသာစကားမှာမူ ဓာတ်အားအပြည့်အဝပို့လွှတ်ပေး၍မရသော ကြေးနီကြိုးနှင့်တူကြောင်း သာဓကပြဆိုသည်။ တစ်နေရာ နှင့်တစ်နေရာ ဓာတ်အားအပြည့်အဝ ရောက်စေရန် Transformer များကို သုံးစွဲသင့်သည်ဟု ဆိုပြန်သည်။

ကဗျာဆရာတို့သည် ကြံ့ဆသိသာမက ခံစားသိကိုပါ အားထုတ်လေ့ရှိကြသည်။ ကဗျာတွင် Transformer များ အသုံးပြုနိုင်ပါက ခံစားသိများအထိရောက်နိုင်ပုံကို-

"ကဗျာတစ်ပုဒ်တွင်ပါဝင်သော ကာရန်၊ ဥပမာ၊ ဥပစာစသည့် အတ္ထလင်္ကာရ၊ သဒ္ဒါ လင်္ကာရဆိုသည်တို့မှာ Transformer များဖြစ်သည်။ တစ်နည်းအားဖြင့် ခံစားသိများ လေလွင့်ကျန်ရစ်မှုမရှိအောင် အားထုတ်ခြင်းဖြစ်ပါသည်။ ယခုလူတို့တွေ့ရှိသမျှ ကဗျာ ထက်လွန်ကဲသော သို့မဟုတ် ဆုံးခန်းတိုင်ပြည့်စုံသော ကဗျာတို့ကို လူတို့ ရေးသား နိုင်ကြလျှင် ကမ္ဘာ့ငြိမ်းချမ်းရေးကိုမျှမက သစ္စာလေးပါးကိုလည်း ဓာတ်စီးကြောင်း ကောင်းကောင်းဖြင့် ဓာတ်ကူးပေး နိုင်လိမ့်မည်ဟု ဆိုချင်ပါသည်။" (၂၀၀၅၊ စာ ၈၄)

ဟုအနီးမှအဝေးသို့ မြင်နိုင်အောင်ချဲ့ပြသည်။ ကဗျာဆရာများ ထားရှိအပ်သည့်စိတ်ထားနှင့် ကဗျာ အတတ်ပညာသဘောကို ပေါ်လွင်စေသည်ဟုဆိုရပါမည်။

"ကဗျာလမ်း" ဟူသည့်အတိုင်း ကဗျာနှင့်ကဗျာဆရာတို့ လျှောက်လှမ်းစေချင်သည့် နည်း နိသယများကို သိလွယ်မြင်လွယ်လက်ခံလာအောင် တဖြည်းဖြည်းဖွင့်ဆိုပြသည်။ စာတမ်း အမည်နှင့် လိုက်ဖက်စွာ 'ကဗျာလမ်း' ကိုရှင်သန်စေပါသည်။ မသိသေးသည်ကိုသိအောင် သိသည်ကို ပို၍လက်ခံလာ

အောင် သာဓကများ၊ ကောက်ချက်များက မလူးသာမလွန့်သာအောင် ချည်နှောင်ထားနိုင်သည်။ အသိအမြင် တစ်ရပ်ကိုလက်ခံလာ အောင် သုံးသပ်တင်ပြပုံထိမိ လှပေသည်။

## တွေ့ရှိချက်၊ ရလဒ်

အောင်သင်း၏ ရသစာတမ်းများလာ သွင်ပြင်လက္ခဏာများဖြစ်သော ကိုယ်ပိုင်အတွေးအမြင်ပါအောင်ရေးဖွဲ့ခြင်း၊ ထောင့်ရှားအတွေးဖြင့်ရေးဖွဲ့ခြင်း၊ အာဘော်သို့ရောက်အောင် တစ်ဆင့်ပြီး တစ်ဆင့် ရေးဖွဲ့ခြင်း၊ ဆင်ခြင်မှုဖြင့် နှစ်သက်ဖွယ်ဖြစ်အောင်ရေးဖွဲ့ခြင်း၊ ဆောင်းပါးဟန်ဖြင့်ရေးဖွဲ့ခြင်း တို့ကို ဆွေးနွေးတင်ပြခဲ့ခြင်းဖြစ်ပါသည်။ ထိုတင်ပြချက်များသည် အောင်သင်း၏ရသစာတမ်းများကို စိစစ် လေ့လာချက်အရတွေ့ရှိရသော တွေ့ရှိချက်များဟု ဆိုနိုင်ပါသည်။ စာရေးသူ၏ ဘဝအတွေ့အကြုံ၊ စာပေ လေ့လာဖတ်ရှုခဲ့မှု၊ အနုပညာဝါသနာပါမှု၊ တွေးခေါ်မြော်မြင်တတ်မှုတို့ကို မြင်တွေ့ရပါသည်။ အောင်သင်း၏ ရသစာတမ်းများတွင် သူ၏ကိုယ်ကျင့်တရားဆိုင်ရာ ခံယူချက်၊ စာပေအနုပညာဆိုင်ရာ ခံယူချက်၊ ကိုယ်ပိုင်ခံယူချက်အတွေးအမြင်တို့ ထင်ဟပ်နေသည်ကိုလည်း တွေ့မြင်ရပေသည်။ ရသ စာတမ်းသည် ရသစာပေဖွံ့ဖြိုးမှုအတွက် အထောက်အပံ့ပေးနိုင်ပါသည်။ ရသစာတမ်းများသည် စိတ်ဝင်တစား ဂရုပြုလေ့လာသင့်သည့် နယ်ပယ်တစ်ရပ်ဖြစ်ပါသည်။ အထက်ပါတွေ့ရှိချက်များအရ တင်သွင်းခဲ့သော အဆိုကြမ်းသည် ကိုက်ညီမှုရှိသည်ဟု ယူဆမိပါသည်။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းတွင် သုတေသနတွေ့ရှိချက်အနေဖြင့် ရသစာတမ်းသွင်ပြင်လက္ခဏာ (၅) ရပ်ကို လေ့လာတွေ့ရှိရပါသည်။ အောင်သင်း၏ ရသစာတမ်းများမှ ရသစာတမ်း သွင်ပြင်လက္ခဏာကို တိကျစွာ ဖော်ထုတ်နိုင်သည့် အလေ့လာခံစာတမ်းတို့အရ အောင်သင်းသည် "ကိုယ်ပိုင်အတွေး အမြင်ပါအောင် ရေးဖွဲ့ခြင်း" ဟူသောသွင်ပြင်လက္ခဏာ တစ်ရပ်ကို တွေ့ရှိရပါသည်။ အောင်သင်းသည် မိမိကိုယ်တိုင် ကြားသိမြင်တွေ့ရသော လက်တွေ့အဖြစ်အပျက်များနှင့် စိတ်ကူးဉာဏ်ကိုပေါင်းစပ်ပြီး ကိုယ်ပိုင် အတွေးအမြင်များဖြင့် ရသစာတမ်း ဖန်တီးလေ့ရှိပါသည်။ သာဓကအဖြစ် "လှလိုက်တာနော်" ရသ စာတမ်းဖြင့် ဖော်ပြပြီး "အလှသည်သစ္စာ၊ သစ္စာသည်အလှ" ဟူသည့် အတွေးအမြင်ကို ဖော်ပြသည်။ အောင်သင်းသည် သဘာဝအလှကိုတွေ့ရတိုင်း လှလိုက်တာနော်ဟု ရင်တွင်းခံစားမှုကို ဖွင့်ဟခဲ့သည်။ လှလိုက်တာနော်ဟူသည့် တိုက်ရိုက်ပြောစကားကို ကြားနေရသည့် စာဖတ်သူ၌စာရေးသူနှင့် ရင်းနှီး နွေးထွေးမှုရလာစေပါသည်။ ထိုမှတစ်ဆင့် အလှသစ္စာကို မြတ်နိုးသည့်စိတ်များ ကူးစက်ခံစားလာ စေအောင် ဖန်တီးရေးသားနိုင်သည်ကို သုံးသပ်တွေ့ရှိရပါသည်။

တစ်ဖန် ရသစာတမ်း၏ သွင်ပြင်လက္ခဏာတစ်ရပ်အဖြစ် "ထောင့်ရှားအတွေးဖြင့် ရေးဖွဲ့ ခြင်း"ကို တွေ့ရှိရပါသည်။ ဤတွင် သာဓကအဖြစ် "အအေးနှင့်အနွေး" ရသစာတမ်းဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။ ဤရသစာတမ်းတွင် လူ့ဘဝ၌ဒုက္ခမှကင်းလွတ်နေသည့် ကာလကိုသုခဟုမှတ်ယူကာ စိတ်ထားတတ်စေ ရန်တင်ပြထားပါသည်။ အောင်သင်း၏ အတွေးနှင့်အရေးသည် အများစုကမတွေးဖြစ်သော ရှားရှားပါးပါး စူးရှ ထိရောက်သည့်အတွေးဖြင့် ရသစာတမ်းကို ဖန်တီးရေးဖွဲ့ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့်

ရသစာတမ်းနှင့်ပတ်သက်၍ သုတအသိသာမက ရသခံစားမှုတို့ကိုပါ တစ်ပါးတည်းပူးတွဲ ရရှိစေကြောင်း သုံးသပ်မိပါသည်။

ထို့ပြင် စာရေးသူ၏ "အာဘော်သို့ရောက်အောင် တစ်ဆင့်ပြီး တစ်ဆင့်ရေးဖွဲ့ ခြင်း" ဟူသည့် ရသစာတမ်း၏ သွင်ပြင်လက္ခဏာတစ်ရပ်ကိုလည်း ဖော်ထုတ်တွေ့ရှိရပါသည်။ အောင်သင်းသည် မိမိ တင်ပြပြောဆိုလိုသော ရည်ရွယ်ချက်တို့ပုံပေါ် ပီပြင်စေရန် တင်ပြရာတွင် ကြောင်းကျိုးခိုင်လုံမှုတို့ဖြင့် တစ်ဆင့်ပြီးတစ်ဆင့်ပုံဖော် ရေးဖွဲ့ထားပါသည်။ ထိုသို့တင်ပြချက်များကို "အနီးအဝေး" ရသစာတမ်းဖြင့် သာဓကဆောင်၍ ရှင်းလင်းတင်ပြ ထားပါသည်။ ဝေးလွန်း၍ မမြင်နိုင်သကဲ့သို့ နီးလွန်း၍လည်း မမြင်နိုင် ပုံကို တွေးမိရာမှ စာဖတ်သူတို့အား အတွေးလက်ဆင့်ကမ်းလိုသောအတွေးဖြင့် တင်ပြခဲ့ခြင်းဟုဆိုနိုင်ပါ သည်။ မိမိရည်ရွယ်ဆိုလိုချက်များကို စာဖတ်သူတို့ယုံကြည်လက်ခံခြင်း၊ နှစ်သက်ကျေနပ်ခြင်းတို့ဖြင့် သဘောကျလက်ခံလာအောင် တစ်ဆင့်ပြီးတစ်ဆင့်မြှင့်၍ စည်းရုံးဖော်ဆောင်ခြင်းဖြင့် ဖန်တီးရေးဖွဲ့သူ ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

တစ်ဖန် အောင်သင်း၏ ရသစာတမ်းများလာ သွင်ပြင်လက္ခဏာတစ်ရပ်အဖြစ် "ဆင်ခြင်မှုဖြင့် နှစ်သက်ဖွယ်ဖြစ်အောင် ရေးဖွဲ့ခြင်း" ကိုတွေ့ရှိပါသည်။ ဆင်ခြင်မှုဖြင့် နှစ်သက်ဖွယ်ဟူသည် ရသစာတမ်း မှတစ်ဆင့် အသိပညာရရှိ၍ နှစ်သက်ခြင်းဖြစ်ရသကဲ့သို့ လက်တွေ့လူမှုဘဝတွင် ကြောင်းကျိုးဆင်ခြင်တုံ တရားဖြင့် အသိနှင့်ယှဉ်သော သတိတရားရှိခြင်း အကျိုးကျေးဇူးများကို ပြဆိုခဲ့ပါသည်။ ထိုအချက်ကို ပေါ်လွင်စေအောင် "ပရိက္ခရာအတွေး" ဟူသော ရသစာတမ်းဖြင့် သုံးသပ်ပြထားပါသည်။ ဤရသ စာတမ်းတွင် မြတ်စွာဘုရားရှင်အဆုံးအမကို ဒိဋ္ဌလောကဖြစ်ရပ်တို့ဖြင့် နှိုင်းယှဉ်ဆွေးနွေးတင်ပြခဲ့ခြင်း ဖြစ်သည်။ နေ့စဉ်ဘဝတွင် လိုအပ်သည့်အသုံးအဆောင်များကိုသာ သုံးသင့်ကြောင်းကို သာဓကပြရာ၌ မြတ်စွာဘုရားရှင်က ရဟန်းတို့အတွက် သတ်မှတ်ခဲ့သော ပရိက္ခရာရှစ်ပါးနှင့် တင်ပြသောကြောင့် အတွေးသည်ပို၍ လေးနက်လာစေပါသည်။ ထို့ကြောင့် ရသစာတမ်း ဖန်တီးသူ၏ အတွေးအမြင်နှင့်အတူ စာဖတ်သူတို့ ဆင်ခြင်တရားဖြင့် အသိမမှား၊ သတိတရားရှိစေလိုသောသဘောတို့ ထင်ဟပ်ပါရှိနေ ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ထို့ပြင် "ဆောင်းပါးဟန်ဖြင့်ရေးဖွဲ့ခြင်း" သည်လည်း အောင်သင်း၏ရသစာတမ်းများလာ သွင်ပြင် လက္ခဏာတစ်ရပ်အဖြစ် တွေ့ရှိရပါသည်။ သာဓကအဖြစ် "ကဗျာလမ်း" ရသစာတမ်းဖြင့် ဖန်တီးရေးဖွဲ့ ကြောင်း တင်ပြပြုစုထားပါသည်။ အောင်သင်း၏ ရသစာတမ်းများကို လေ့လာသောအခါ အချို့ရသ စာတမ်းများသည် ဆောင်းပါးဟန်ဖြင့် ရေးဖွဲ့ကြောင်းတွေ့ရှိရပါသည်။ သို့သော် ဆောင်းပါးသက်သက် သဘောမျှသာမက ရသစွက်သော နှစ်သက်ခံစားမှုတို့လည်း ပါဝင်နေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

အထက်ဖော်ပြပါ လေ့လာရှိချက်များအရ အောင်သင်း၏ရသစာတမ်းများသည် ကိုယ်ပိုင် အတွေးအမြင်ပါအောင်ရေးဖွဲ့ခြင်း၊ ထောင့်ရှားအတွေးဖြင့် ရေးဖွဲ့ခြင်း၊ အာဘော်သို့ရောက်အောင် တစ်ဆင့်ပြီး တစ်ဆင့်ရေးဖွဲ့ခြင်း၊ ဆင်ခြင်မှုဖြင့် နှစ်သက်ဖွယ်ဖြစ်အောင် ရေးဖွဲ့ခြင်း၊ ဆောင်းပါးဟန်ဖြင့် ရေးသော်လည်း ရသသဘောနှော၍ ရေးဖွဲ့ခြင်းတို့ဖြင့် သုတအဖုံဖုံ၊ ရသအစုံစုံပေးစွမ်းသော သွင်ပြင် လက္ခဏာများရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။ အောင်သင်း၏ ရသစာတမ်းများလာသွင်ပြင် လက္ခဏာ

တို့သည် မြန်မာရသစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူ ပြုပံ့နေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

## နိဂုံး

မြန်မာစာပေလောကတွင် တစ်ဟုန်ထိုး တိုးတက်ဖွံ့ဖြိုးလာသော "ရသစာတမ်း" ဟူသည် မျက်မှောက်ခေတ်တွင် ခိုင်မာစွာရပ်တည်လျက်ရှိပါသည်။ ရသစာတမ်းဖန်တီးရှင် စာရေးသူတို့၏ ရသစာတမ်းများအရ သွင်ပြင်လက္ခဏာများမှာ တူညီသည်ရှိသကဲ့သို့ ကွဲပြားသည်လည်း ရှိပါသည်။ ဤစာတမ်းတွင် မိမိကိုယ်တိုင် "အတွေ့အမြင်"များကို "အတွေးအမြင်"ဖြင့် ပုံဖော်ဖန်တီးသူ အောင်သင်း၏ ရသစာတမ်းများလာ သွင်ပြင်လက္ခဏာများကို သာဓကများဖြင့် ရှင်းလင်းပြုစုထားပါသည်။ ထို့ကြောင့်ဤစာတမ်းသည် ရသစာတမ်းဖန်တီးရေးဖွဲ့လိုသူတို့အတွက် ရသစာတမ်း၏သွင်ပြင် လက္ခဏာဆိုင်ရာများကို နည်းယူသိမှတ်ဖွယ် အကျိုးကျေးများ ရရှိနိုင်ပါသည်။

## ကျမ်းကိုးစာရင်း

ခင်မင်၊ မောင်(ဓနုဖြူ)နှင့်အခြား။(၁၉၈၇)။ ***စာတမ်းငယ်စာပေစာတမ်းများ၊ ပတွဲ***။ ရန်ကုန်၊ စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်။

ဇော်ဂျီနှင့်အခြား။ ( ၁၉၇၈)။ ***ကုံကော်မြိုင်စာတန်း*** ။ ရန်ကုန်၊ စပယ်ဦးစာပေ။

ဇော်ဂျီ။ ( ၂၀၀၉)။ ***ရသစာပေ၏သဘော*** ။ ရန်ကုန်၊ ရွှေဝံစာအုပ်တိုက်။

မောင်မြင့်သိန်း၊မောင်။ (၂၀၀၃)။ ***ဝေဖန်ရေးအလှ ရှာပုံတော်*** ။ ရန်ကုန်၊ စန်းရောင်ရှိန်စာပေ။

မြဇင်နှင့်အခြား။ (၁၉၈၇)။ ***စာတမ်းငယ်စာပေစာတမ်းများ*** ၊ ပတွဲ။ ရန်ကုန်၊ ပေဗိမာန်ထုတ်ပြည်သူ့လက်စွဲစာစဉ်။

အောင်သင်း။ (၂၀၀၅)။ ***လှလိုက်တာနော်နှင့် ရသစာတမ်းငယ်များ*** ။ ရန်ကုန်၊ ဇွန်ပွင့်စာအုပ်တိုက်။

အောင်သင်း။ (၂၀၀၈)။ ***သူ့အတွေး ကိုယ့်အမြင်*** ။ ရန်ကုန်၊ ဇွန်ပွင့်စာအုပ်တိုက်။

အောင်သင်း။ (၂၀၀၉)။ ***ဝတ္ထုရေးရာဆောင်းပါးများ*** ။ ရန်ကုန်၊ ဇွန်ပွင့်စာအုပ်တိုက်။

အောင်သင်း။ (၂၀၁၇)။ ***ကမ္ဘာ့ပြဿနာရှင်းတဲ့နေ့နှင့် ရသစာတမ်းငယ်များ*** ။ ရန်ကုန်ဇွန်ပွင့်စာအုပ်တိုက်။

## အင်တာနက်အကိုးအကား

http://www.differences.com/ Difference-between-article-and-essay.html

http://www.hunter.cuny.edu>rwc

## အင်တာနက်မှကိုးကားသည့် မူရင်းစာသားများ

| | စာမျက်နှာ |
|---|---|
| A good essay must contain the following characteristics: unity, order, brevity, style, | ၈ |
| Personal touch. An essay must be a unity, treating in an orderly manner of one subject, | |
| It should be concisely written and not too long, and the style should by simple, direct and clear. | |
| By and large, an article is meant to inform the reader about something, through | ၁၁ |
| news, featured stories, product descriptions, reports, etc. On the flip side, an essay offers | |
| an analysis of a particular topic, while reflecting a detailed account of a person’s view on it. | |